# နွေဦးအသံ

the voice of spring

8.4.2021 · Thursday · No . 3 · Daily News Pamphlet


## အထူးလေးနက်စွာ မေတ္တာရပ်ခံတောင်းဆိုခြင်း

မတရားသဖြင့် နိုင်ငံတော် အာဏာလုယူထားသည့် စစ်သွေးကြွ အကြမ်းဖက်အုပ်စုအား အရှိန်အဟုန်မပြတ် ဆက်လက်ဆန့်ကျင်ခြင်းအားဖြင့်လည်းကောင်း၊

ကျဆုံးခဲ့ရသော အာဇာနည်တို့၏ အသက်များနှင့် ဖမ်းဆီးခံ သူရဲကောင်းတို့၏ပေးဆပ်မှုများကို လေးစားသောအားဖြင့်လည်းကောင်း၊

မြန်မာ့နှစ်သစ်ကူးသင်္ကြန်ကာလ၏ ပျော်ပွဲရွှင်ပွဲများအပါအဝင် အလှူပွဲများ ကျင်းပခြင်း၊ ပါဝင်ဆင်နွှဲခြင်းများ မပြုလုပ်ကြပါရန် အထူးလေးနက်စွာ မေတ္တာရပ်ခံ တောင်းဆိုအပ်ပါသည်။

## အကြမ်းဖက်စစ်အုပ်စုမှ ပြည်သူများအား တရားဥပဒေမဲ့ သတ်ဖြတ်ကျူးလွန်သည့်သက်သေပေါင်း (၁၈၀၀၀၀)ကျော်ခန့် စုဆောင်းရရှိထားဟု CRPH ကြေညာ

သတင်းတို

ရင်းမြစ် - စီအာပီအိတ်ချ်မှ

## ကလေးမြို့ တာဟန်း ပင်ပသပိတ်စခန်းကို လက်နက်ကြီးများနှင့် ပစ်ခတ်ဖြိုခွင်းခဲ့ရသဖြင့် ပြည်သူ(၁၁)ဦးခန့်ကျဆုံးပြီး အချို့ဖမ်းဆီးခံရ

သတင်းတို

ရင်းမြစ် - မဇ္ဈိမ မှ

# တနိုင်ငံလုံးအနှံ့ သပိတ်မျိုးစုံဖြင့် အရှိန်မပြတ် ဆန္ဒဖော်ထုတ်လျက်ရှိ




လူအင်အားထောင်ချီသောရေဦးမြို့နယ်မှ ဧပြီလ ၇ ရက် သပိတ်စစ်ကြောင်းကို တွေ့ရစဉ် - (ဓါတ်ပုံ - စီဂျေ)

## လူအင်အားသောင်းချီပြီး ပုံမှန်ဆန္ဒပြနေသည့် တန့်ဆည်မြို့ကို ပစ်ခတ်ဖြိုခွင်းသဖြင့် ပြည်သူ(၁)ဦးကျဆုံးခဲ့

ရင်းမြစ် - ဒီဗွီဘီမှ

## စစ်တပ်နှင့်ဆက်နွယ်သမျှ စီးပွားရေးလုပ်ငန်းများကို ဥရောပသမဂ္ဂတခုလုံးမှ ပိတ်ဆို့အရေးယူဟုသိရ

ရင်းမြစ် - ဘီဘီစီမှ

## ပဲခူးမြို့ကျောက်ကြီးစုနှင့်ရွာသစ်ရပ်ကွက်များသို့ စစ်အုပ်စုဝင်ရောက်ပစ်ခတ်သဖြင့်(၂)ဦးသေဆုံး

သတင်းတို

ရင်းမြစ် - ဧရာဝတီမှ

## ပစ်ခတ်ဖမ်းဆီးမှုများကြောင့် စစ်ကိုင်းတိုင်း၊ ပင်လယ်ဘူးမြို့လုံးကျွတ်နီးပါးနေရပ်စွန့်ခွာကြရ

သတင်းတို

ရင်းမြစ် - ဧရာဝတီမှ

## ဗြိတိန်က အာဆီယံမှ မြန်မာ့အရေးကြားဝင်ဖြေရှင်းမှုကို ထောက်ခံသွားမည်ဟု သိရ

သတင်းတို

ရင်းမြစ် - ဘီဘီစီမှ

## မြန်မာ့အရေးကို ကုလလုံခြုံရေးကောင်စီဝင်မစွက်ဖို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးပြော

သတင်းတို

ရင်းမြစ် - ဘီဘီစီမှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွားၡ် ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# သတင်းမှတ်စု



ဧပြီလ (၇) ရက်၊ ၂၀၂၁



- ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်း ဒေသ၌ ညောင်ပင်ကြီးပင်မသပိတ်စစ်ကြောင်းဖြင့် အင်အားရာချီ၍ ဆန္ဒဖော်ထုတ်ခဲ့ကြ။
- ပေါင်မြို့နယ် ဆိုင်ကယ်သပိတ်စစ်ကြောင်း၌ ကဒုံစီး ရပ်ကွက်နှင့် ပေါင်း ရပ်ကွက်တွင် နေထိုင်သော လူငယ် (၂) ဦးအဖမ်းဆီးခံရ။
- ဝမ်းတွင်းမြို့၌ ပြည်သူများ စုပေါင်းပြီး ဆိုင်ကယ်သပိတ်ပြုလုပ်ခဲ့ကြ။
- ရန်ကုန်၊ လှိုင်မြို့နယ်ရှိ လူငယ်များက နင်းဆီသပိတ် ပြုလုပ်ခဲ့ကြ။
- ဧပြီ ၆ ရက်၊ ည ၉ နာရီမှစ၍ အဆက်မပြတ်ပစ်ခတ်မှုကြောင့် ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့၌ အမျိုးသားတဦး ခေါင်းကို ကျည်ဆန်ထိမှန်ပြီး ကျဆုံးခဲ့ရ။
- ဧပြီလ ၆ ရက်၊ ညနေ ၆ နာရီ ၄၀ ဝန်းကျင်၌ KNU တပ်မဟာ ၆ နယ်မြေရှိ ဝင်းရေးမြို့နယ်၊ မန်အောင်ရွာအနီးတွင် KNLA နှင့် အကြမ်းဖက်စစ်အုပ်စုတို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ရွာသားတစ်ဦး ပေါင်ကျည်ထိမှန်ခဲ့။
- မိုးထဲရေထဲမှာပင် ကမာရွတ်-လှည်းတန်းလူငယ်များက လမ်းလျှောက် သပိတ်ကိုပြုလုပ်ခဲ့ကြ။
- ဧပြီ ၆ ရက်၊ ည ၈ နာရီ ဝန်းကျင်၊ တောင်ကြီးမြို့ရှိ BH Hotel ၌ Beauty Blogger မဝင်းမင်းသန်း ဖမ်းဆီးခံရ။
- ရခိုင်ပြည်နယ်၊ သံတွဲမြို့၌ ဒေသခံများက လှူမဲ့သပိတ်ပြုလုပ်ခဲ့ကြ။
- မော်လမြိုင်မြို့ရှိ ကရင်လူငယ်များက စုပေါင်း၍ ပြောက်ကျားသပိတ် ပြုလုပ်ခဲ့ကြ။
- ပဲခူးတိုင်း၊ ထန်းတပင်မြို့နယ်၊ နတ်ရွာ၌ ဆိုင်ကယ် သပိတ်ပြုလုပ်ခဲ့ကြ။
- မကွေးတိုင်း၊ သရက်မြို့၊ သရက်ဆေးရုံရှိ CDM ဝန်ထမ်းကောင်းများက လိုင်းခန်းမှ အပြီးဆင်းပေးခဲ့။
- ရန်ကုန်မြို့၌နံနက် ၈ နာရီဝန်းကျင်အချိန်က စတင်ပြီး အလံပြဘုရားလမ်း (ရွှေတိဂုံဘုရားလမ်း)နှင့် ဇီဝကလမ်းအနီး၊ မွန်းလွဲပိုင်း အချိန်က စမ်းချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရုံးရှေ့နှင့် ပန်းဆိုးတန်း ဆိပ်ကမ်းရုံးအနီးရှိ နေရာတို့အပြင် စုစုပေါင်း နေရာလေးခုတိတိ ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှု မသိရ။
- စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့။ ရန်ကုန်၊ မရမ်းကုန်းမြို့နယ်။ မြင်းခြံမြို့။ တောင်ငူမြို့။ မိုးကုတ်။ဖားကန့်မြို့ရှိဆိုင်းတောင်ကျေးရွာ၊ ကောင်ဆန်ကျေးရွာ၊ တောင်းကော့ ကျေးရွာ။ ရန်ကုန်၊ မင်္ဂလာတောင်ညွန့် မြို့နယ်။ စစ်ကိုင်း၊ ရွှေဘိုမြို့။ ရန်ကုန်၊ သာကေတ-ဒေါပုံမြို့။ လှိုင်ကော်မြို့။ စစ်ကိုင်းတိုင်း၊ ကသာမြို့။ ထားဝယ်မြို့တောင်ပိုင်း ကျေးရွာများ။ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန်းမားမြို့။ မန္တလေး၊ မြစ်ငယ်မြို့ အစရှိသည့် ဒေသများတွင် အရှိန်အဟုန် မပြတ်ဘဲ လမ်းလျှောက်ချီတက် ဆန္ဒထုတ်ဖော်ခဲ့ကြ။
- သရက်ချောင်းမြို့နယ်၊ ညောင်ဇင်ရွာ၌ အရုဏ်ဦး သပိတ်ပြုလုပ်ခဲ့ကြ။
- ပုသိမ်မြို့မှ နိုင်ငံရေးနှင့် ပရဟိတ တက်ကြွလှုပ်ရှားသူ ပန်းချီသက်နောင်အဖမ်းဆီးခံရ။
- မြိတ်မြို့နယ်ရှိလူငယ်များက၊ တရုတ် အစိုးရအား ကန့်ကွက်သည့်အနေဖြင့် တရုတ်အလံအား မီးရှို့ဆန္ဒပြခဲ့ကြ။
- CRPH ၏ ဥပဒေရေးရာ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးမှုဆိုင်ရာ ယန္တယား IIMM မှ အကြီးအကဲများတွေ့ဆုံခဲ့ကြ။
- ရန်ကုန်၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း (၁) ရပ်ကွက်ရှိ နွေဦးတော်လှန်ရေးအဖွဲ့မှ " လိုလျှင်ယူ ပိုလျှင်လှူ" အစီအစဉ်ဖြင့် ရပ်ကွက်နေပြည်သူများအား လှူဒါန်းမှုပြုလုပ်ခဲ့။
- မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ လွန်တောင်းရွာရှိ စာသင်ကျောင်း၌ တပ်စွဲထားသည့် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင်များက ရွာသူရွာသားများအား လိုက်လံဖမ်းဆီးပစ်ခတ်နေကြောင်းသိရ။
- မန္တလေးမြို့၌ ဘုရားကြီးစစ်ကြောင်း၊ ဗကသ စစ်ကြောင်း၊ ပညာရေးသပိတ် စစ်ကြောင်း၊ အထက(၇) စစ်ကြောင်းများ စုပေါင်း ပြီး ဆက်လက်ဆန္ဒဖော်ထုတ်ခဲ့ကြ။
- မြောက်ဒဂုံ ၃၀ ရပ်ကွက် အုပ်ချုပ်ရေးမှူး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်းသိရ။
- အမေရိကန်စင်တာအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည့် အမျိုးသားတဦးကို ဖမ်းဆီးရမိဟု စစ်အုပ်စု ကြေညာကြောင်းသိရ။

ရင်းမြစ်-ခေတ်သစ်၊ရောဝတီ၊ မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၆)ရက်အထိ

---

ကျဆုံးသူဦးရေ
- ၅၈၁ ဦး
( ကလေးငယ် ၄၇ ဦးပါဝင် )

---

အဖမ်းဆီးခံရသူဦးရေ
- ၂၇၅၀ ဦး

---

ဝရမ်းထုတ်ခံရသူဦးရေ
- ၄၆၃ ဦး

---

ရင်းမြစ်-အေအေပီပီမှ



မန္တလေးမြို့၊ဘုရားကြီးစစ်ကြောင်း၊ ဗကသစစ်ကြောင်း၊
ပညာရေးသပိတ်စစ်ကြောင်းများ စုပေါင်းချီတက်နေစဉ်

**အရေးတော်ပုံ မုချ အောင်ရမည်**

နွေဦးအသံ
the voice of spring

8.4.2021 · Thursday · No . 3 · Daily News Pamphlet